# အတွင်းရေးမှူးမှပြုစုစောင့်ရှောက်ရေးအမိန့်

# (Care by Secretary order)

## မိဘများအတွက် သတင်းအချက်အလက်

(Information for parents)

**Burmese | မြန်မာ**

**OFFICIAL**

ဤစာရွက်စာတမ်းသည် ဥပဒေအကြံဉာဏ် မဟုတ်ပါ။ သင့်တွင် မေးခွန်းများရှိပါက ရှေ့နေတစ်ဦး၏ အကူအညီကို ရယူရန် အကြံပြုပါသည်။

## အကြောင်းအရာများ


**အတွင်းရေးမှူးမှပြုစုစောင့်ရှောက်ရေးအမိန့် (Care by Secretary Order) ၏ သက်တမ်း ..... 2**

**သင့်ကလေး နေထိုင်မည့်နေရာ ..... 2**

**သင့်ကလေးကို တွေ့ဆုံခြင်း ..... 3**

**ဝန်ထမ်း၏ လုပ်ဆောင်ချက်များ ..... 3**

**အတွင်းရေးမှူးမှပြုစုစောင့်ရှောက်ရေးအမိန့် (Care by Secretary Order) ကို တရားရုံးက ပြင်ဆင် (ပြောင်းလဲ) သို့မဟုတ် ရုပ်သိမ်း (ပယ်ဖျက်) နိုင်ပါသလား? ..... 3**

**တရားရုံးတွင် ဖြစ်ပေါ်သည့် ဆုံးဖြတ်ချက်ကို သဘောမတူပါက ..... 4**

**ဥပဒေဆိုင်ရာ အကြံဉာဏ်ကို မည်သည့်နေရာတွင် ရယူနိုင်ပါသလဲ? ..... 4**

**ဆက်သွယ်ရန် အချက်အလက်များ ..... 5**


ကလေးသူငယ်များဆိုင်ရာ တရားရုံး (Children’s Court) မှ တရားသူကြီးတစ်ဦးက မိသားစုပြန်လည်ပေါင်းစည်းရေးသည် သင့်ကလေး၏ အကောင်းဆုံးအကျိုးစီးပွားအတွက် မဟုတ်ဟု ဆုံးဖြတ်ပြီး သင့်ကလေးအား “**Care by Secretary Order**” အောက်တွင် ထားရှိရန် ချမှတ်လိုက်သည်။ ဤအမိန့်ချမှတ်ရခြင်းမှာ သင့်ကလေး၏ ဘေးကင်းလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်နိုင်သည့် အခြေအနေများရှိနေပြီး ကာကွယ်စောင့်ရှောက်မှု ပေးရန် လိုအပ်နေသောကြောင့် ဖြစ်ပါသည်။

VICTORIA State Government | Families, Fairness and Housing

ဤအမိန့်အရ မိသားစုများ၊ တရားမျှတမှုနှင့် အိမ်ရာဝန်ဆောင်မှုဌာန (Department of Families, Fairness and Housing) ၏ အတွင်းရေးမှူး (Secretary) သည် သင့်ကလေးအတွက် မိဘအုပ်ထိန်းမှုဆိုင်ရာ တာဝန်ကို ရရှိထားပါသည်။ သင်အပါအဝင် အခြားမည်သူမျှ မိဘအုပ်ထိန်းမှုဆိုင်ရာ တာဝန်ကို မပိုင်ဆိုင်ပါ။ ဤအဓိပ္ပါယ်မှာ ဌာနသည် ကလေးများအတွက် မိဘများပုံမှန်ရရှိထားသည့် အခွင့်အရေးနှင့် တာဝန်အားလုံးကို ရယူထားခြင်းကို ဆိုလိုပါသည်။

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်သူ (ဝန်ထမ်း) သည်-

- သင့်ကလေးနှင့်ပတ်သက်သော အစီအစဉ်များကို သင်နှင့် ဆွေးနွေးပြီး သင့်ကလေးနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် သင့်အမြင်များကို ထည့်သွင်းစဉ်းစားမည် ဖြစ်သည်။
- သင့်ကလေး၊ ၎င်း၏ စောင့်ရှောက်သူနှင့် သက်ဆိုင်ရာ ပညာရှင်များအပါအဝင် အခြားသူများနှင့် ဆွေးနွေးမည်ဖြစ်သည်။

# အတွင်းရေးမှူးမှပြုစုစောင့်ရှောက်ရေးအမိန့် (Care by Secretary Order) ၏ သက်တမ်း

အတွင်းရေးမှူးမှပြုစုစောင့်ရှောက်ရေးအမိန့် (Care by Secretary Order) သည် အများဆုံး နှစ်နှစ်အထိ သက်တမ်းရှိနိုင်ပါသည်။

ဌာနသည် သင့်ကလေးကို အမြဲတမ်း သို့မဟုတ် ရေရှည်ပြုစုစောင့်ရှောက်ရန် သင့်လျော်သူတစ်ဦးဦးကို ရှာဖွေပေးနိုင်ပါသည်။ ဌာနသည် တရားရုံးသို့ အမြဲတမ်းစောင့်ရှောက်မှုအမိန့် သို့မဟုတ် ရေရှည်စောင့်ရှောက်မှုအမိန့်အတွက် လျှောက်ထားနိုင်သည်။ ဤအမိန့်များသည် သင့်ကလေး အသက် (၁၈) နှစ်ပြည့်သည်အထိ အကျုံးဝင်ပါသည်။

သင့်ကလေးကို အမြဲတမ်း သို့မဟုတ် ရေရှည်ပြုစုစောင့်ရှောက်နိုင်သော သင့်လျော်သူတစ်ဦး မရှိပါက ဌာနသည် အတွင်းရေးမှူးမှပြုစုစောင့်ရှောက်ရေးအမိန့် (Care by Secretary Order) ကို သက်တမ်းတိုးနိုင်ပါသည်။ သက်တမ်းကို နောက်ထပ် နှစ်နှစ်အထိ တိုးနိုင်ပြီး သင့်ကလေး အသက် (၁၈) နှစ်ပြည့်သည်အထိ ထပ်မံ၍လည်း ခွင့်ပြုနိုင်ပါသည်။

# သင့်ကလေး နေထိုင်မည့်နေရာ

တရားရုံးက ဆုံးဖြတ်ချက်ချနေစဉ်အတွင်း သင့်ကလေးသည် စောင့်ရှောက်မှုအောက်တွင် နေထိုင်ရပါက ၎င်းတို့ရှိနေသောနေရာတွင် ဆက်လက်နေထိုင်နိုင်ပါသည်။

သင့်ကလေး နေရာပြောင်းရွှေ့ရန် လိုအပ်ပါက ဌာနသည် သင့်မိသားစုဝင် တစ်ဦးဦး သို့မဟုတ် ၎င်းတို့သိရှိသော သူတစ်ဦးဦးနှင့်အတူ နေထိုင်ရန် ကြိုးစားစီစဉ်ပေးမည်ဖြစ်သည်။ ထိုသို့မဖြစ်နိုင်ပါက ၎င်းတို့သည်

မွေးစားစောင့်ရှောက်သူ (foster carer) နှင့်အတူ သို့မဟုတ် သင့်ကို လာရောက်စောင့်ရှောက်ပေးမည့်သူများ ရှိသော အိမ် သို့မဟုတ် တိုက်ခန်းတစ်ခုတွင် နေထိုင်ရနိုင်ပါသည်။

ဌာနက သင့်လျော်ကြောင်း အကဲဖြတ်ထားသော သူတစ်ဦးဦးနှင့်သာ ၎င်းတို့ နေထိုင်နိုင်ပါသည်။

သင့်ကလေးများထဲမှ တစ်ဦးထက်ပို၍ စောင့်ရှောက်မှုအောက်တွင် ရှိပါက ဌာနသည် ၎င်းတို့ကို အတူတကွ ထားရှိရန် ကြိုးစားမည် ဖြစ်ပါသည်။

# သင့်ကလေးကို တွေ့ဆုံခြင်း

သင့်ကလေးနှင့် အဆက်အသွယ်ရှိနေခြင်းသည် သင့်ကလေးအတွက် အလွန်အရေးကြီးပါသည်။ ဝန်ထမ်းသည် အမှုစီမံချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဆက်သွယ်မှုနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များကို ချမှတ်မည်ဖြစ်သည်။

ဆက်သွယ်ရန်အစီအစဉ်များကို သင့်ဝန်ထမ်းနှင့် ပြုလုပ်နိုင်ပါသည်။ ဤအစီအစဉ်များကို ထိန်းသိမ်းရာတွင် အခက်အခဲတစ်စုံတစ်ရာရှိပါက ဝန်ထမ်းနှင့် ဆွေးနွေးပြီး အစီအစဉ်အသစ်များ ပြုလုပ်နိုင်ပါသည်။

# ဝန်ထမ်း၏ လုပ်ဆောင်ချက်များ

ဝန်ထမ်းသည် သင့်ကလေးအတွက် ပြုလုပ်ထားသော အမှုစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ရှိသည်။

ဝန်ထမ်းသည် အခါအားလျော်စွာ အမှုစီမံချက်ကို ပြန်လည်သုံးသပ်ရန် စီစဉ်ပေးမည်ဖြစ်ပြီး ထိုသို့ပြုလုပ်ရာတွင် သင်ပါဝင်ခွင့်ရရှိစေမည်ဖြစ်သည်။ ၎င်းတို့သည် အမှုစီမံချက်၏ ရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ရွက်နေမှုအခြေအနေများကို စဉ်းစားသုံးသပ်မည်ဖြစ်သည်။

# အတွင်းရေးမှူးမှပြုစုစောင့်ရှောက်ရေးအမိန့် (Care by Secretary Order) ကို တရားရုံးက ပြင်ဆင် (ပြောင်းလဲ) သို့မဟုတ် ရုပ်သိမ်း (ပယ်ဖျက်) နိုင်ပါသလား?

အခြေအနေပြောင်းလဲသွားပြီး သင့်ကလေးသည် အန္တရာယ်မရှိတော့ပါက တရားရုံးသည် အမိန့်ကို ရုပ်သိမ်း (ပယ်ဖျက်) နိုင်သည်။ သင်၊ သင့်ကလေးနှင့် ဝန်ထမ်းသည် ယင်းအတွက် လျှောက်ထားနိုင်ပါသည်။

မိသားစုပြန်လည်ပေါင်းစည်းရေး ဖြစ်နိုင်လာပြီး သင့်ကလေး၏ အကောင်းဆုံးအကျိုးစီးပွားအတွက်လည်း ဖြစ်ပါက မိသားစုထိန်းသိမ်းစောင့်ရှောက်ရေးအမိန့် (Family Preservation Order) ကို ချမှတ်နိုင်ပါသည်။ ဤသို့ဖြစ်နိုင်ရန် အောက်ပါအခြေအနေများ ရှိရမည်-

- အမိန့်သက်တမ်း မကုန်ဆုံးမီ လုံလောက်သော အချိန်ကျန်ရှိရမည်။
- သင့်ကလေးအတွက် အခြားတရားရုံး လျှောက်ထားမှုများမရှိရပါ။

# တရားရုံးတွင် ဖြစ်ပေါ်သည့် ဆုံးဖြတ်ချက်ကို သဘောမတူပါက

ကလေးများဆိုင်ရာ တရားရုံး (Children's Court) မှ တရားသူကြီးတစ်ဦး ချမှတ်သော ဆုံးဖြတ်ချက်ကို သင်သဘောမတူပါက ထိုဆုံးဖြတ်ချက်ကို အမြင့်ဆုံးတရားရုံး (Supreme Court) သို့ အယူခံဝင်ရန် သင့်တွင် အခွင့်အရေးရှိပါသည်။ ကလေးသူငယ်များဆိုင်ရာ တရားရုံးက အမိန့်ချမှတ်ပြီးနောက် (၂၈) ရက်အတွင်း အယူခံဝင်ရမည် ဖြစ်ပါသည်။

အယူခံလျှောက်လွှာပုံစံများကို အောက်ပါနေရာများတွင် ရယူနိုင်ပါသည်-

- မည်သည့် ကလေးသူငယ်များဆိုင်ရာတရားရုံး (Children's Court) မဆို
- မည်သည့် တရားသူကြီးတရားရုံး (Magistrate's Court) မဆို
- ခရိုင်တရားရုံး (County Court) စသည့်နေရာများတွင် ရယူနိုင်ပါသည်။

ကလေးသူငယ်များဆိုင်ရာတရားရုံး (Children's Court) ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ဆုံးဖြတ်ပါက ရှေ့နေတစ်ဦး၏ အကူအညီကို ရယူခြင်းသည် အကောင်းဆုံးဖြစ်သည်။

# ဥပဒေဆိုင်ရာ အကြံဉာဏ်ကို မည်သည့်နေရာတွင် ရယူနိုင်ပါသလဲ?

ဥပဒေဆိုင်ရာ အကူအညီနှင့်ပတ်သက်သည့် စုံစမ်းမေးမြန်းမှုများကို အောက်ပါတို့ထံ ဆက်သွယ်နိုင်ပါသည်-

- တရားရုံးတွင် သင့်ကို ကိုယ်စားပြုခဲ့သော ရှေ့နေ
- ဒေသခံရှေ့နေ (Yellow Pages ရှိ 'Solicitors' အောက်တွင်ဖော်ပြထားသည်)
- Victoria Legal Aid, Melbourne, ဖုန်း 1300 792 387
- Law Institute of Victoria, ဖုန်း (03) 9607 9311
- Victorian Aboriginal Legal Service Co-op Ltd, ဖုန်း 1800 064 865
- Djirra, ဖုန်း 1800 105 303
- ဒေသခံ community legal service စသည်တို့ဖြစ်သည်။

# ဆက်သွယ်ရန် အချက်အလက်များ

ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး ဝန်ထမ်း၏ အမည်- ________________________________

၎င်းတို့၏ ဆက်သွယ်ရန် ဖုန်းနံပါတ်- ________________________

၎င်းတို့၏ Department of Department of Families, Fairness and Housing ရုံး -

____________________________________________

ပိုမိုသိရှိလိုပါက သင့်ဒေသရှိ Department of Families, Fairness and Housing ရုံးကို ဆက်သွယ်နိုင်ပါသည်။

ဤစာရွက်စာတမ်းကို အခြားပုံစံဖြင့် ရယူရန် CpManual@dffh.vic.gov.au သို့ အီးမေးလ်ပေးပို့ပါ။

Victorian Government, 1 Treasury Place, Melbourne ၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေပါသည်။

© State of Victoria, Australia, Department of Families, Fairness and Housing, May 2026.

ISBN 978-1-76171-173-2 (pdf/online/MS word)

Available at Child Protection Manual - Care by Secretary Order

https://www.cpmanual.vic.gov.au/advice-and-protocols/information-sheets/orders/care-secretary-order

2604564